**တရုတ်နိုင်ငံသားနှင့် အိန္ဒိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များအတွက်**
**ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်) Tourist Visa On Arrival အား ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း**

၁။ မြန်မာနိုင်ငံအတွင်းသို့ လေကြောင်းခရီးဖြင့် ဝင်ရောက်လာသည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များအတွက် ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်) Tourist Visa On Arrival ကို (၃၀.၀၈.၂၀၂၃) ရက်မှ စတင်၍ စမ်းသပ်ကာလ (၁) နှစ် သတ်မှတ်ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၂။ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသွားများ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဝင်ရောက်လာပါက ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်) အား အောက်ပါအတိုင်း ခွင့်ပြုဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ရောက်ရှိလာပါက ဆိုက်ရောက်ဗီဇာလျှောက်လွှာအား အခမဲ့ရယူ၍ (၁.၂ x ၁.၅) လက်မ Colour Photo (၂) ပုံနှင့်အတူ လျှောက်လွှာပုံစံ ဖြည့်သွင်းရမည် ဖြစ်ပါသည်။

( ခ ) ဆိုက်ရောက်ဗီဇာအခငွေ (၁) ဦးလျှင် အမေရိကန်ဒေါ်လာ (၅၀) ကောက်ခံ၍ နေထိုင်ခွင့် (၃၀ ရက်) ခွင့်ပြုသွားမည် ဖြစ်ပါသည်။

( ဂ ) အလည်အပတ် ဝင်ရောက်ခြင်းအတွက်သာဖြစ်၍ ကမ္ဘာလှည့်ဗီဇာ (Tourist Visa) တစ်မျိုးတည်းသာ ခွင့်ပြုသွားမည် ဖြစ်ပါသည်။

(ဃ) နိုင်ငံကူးလက်မှတ်သက်တမ်း အနည်းဆုံး (၆) လ ရှိရမည်ဖြစ်ပြီး (၆) လအောက် ဖြစ်ပါက ပြည်ဝင်ခွင့်မပြုဘဲ ခရီးသည်လိုက်ပါလာသည့် လေကြောင်းလိုင်းဖြင့် ပြန်လည်တင်ပို့ခြင်းခံရမည် ဖြစ်ပါသည်။

( င ) နေခွင့်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားခြင်းကို ခွင့်ပြုမည်မဟုတ်ပါ။

( စ ) နေထိုင်ခွင့်သတ်မှတ်ရက်ထက် ကျော်လွန်နေထိုင်ပါက သတ်မှတ်ရက်လွန်ဒဏ်ကြေး အခငွေ ပေးဆောင်ရမည် ဖြစ်ပါသည်။

၃။ ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်) ဖြင့် ဝင်ရောက်လာသော တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံသားများသည် အောက်ဖော်ပြပါ စည်းကမ်းများကို လိုက်နာနေထိုင်ရပါမည်-

(က) မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာရမည် ဖြစ်ပါသည်။

( ခ ) မြန်မာနိုင်ငံအတွင်း လုံခြုံရေးအရ တားမြစ်ကန့်သတ်ထားသော နယ်မြေမှအပ နိုင်ငံခြားသားများ သွားလာခွင့်ရှိသည့်နေရာများကို လွတ်လပ်စွာ သွားလာနိုင်သည်။

( ဂ ) ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်) ဖြင့် ဝင်ရောက်ရန် ရောက်ရှိလာသူသည် သက်ဆိုင်ရာ လုံခြုံရေးဌာန/ အဖွဲ့အစည်းများမှ ခွင့်မပြုလျှင်သော်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၏ အမည်မည်းစာရင်း (Blacklist) တွင် ပါဝင်ပါကလည်းကောင်း ပြည်ဝင်ခွင့်အား ငြင်းပယ်သွားမည်ဖြစ်ပြီး ခရီးသည် လိုက်ပါလာသည့် လေကြောင်းလိုင်းဖြင့် ပြန်လည်တင်ပို့ခြင်းခံရမည် ဖြစ်ပါသည်။

(ဃ) အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ဆိုက်ရောက်ဗီဇာဖြင့် ဝင်ရောက်လာသူသည် မည်သည့် အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်များမှမဆို ပြန်လည်ထွက်ခွာနိုင်မည် ဖြစ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
နေပြည်တော်

**Notifying that Tourist Visa on Arrival will be granted to China Nationals & India Nationals**

1. Tourist Visa on Arrival for Chinese and Indian citizens have been granted starting from 30–08–2023 as a one–year pilot project in accordance with COVID–19 rules and regulations of the Ministry of Health.

2. When China citizen & India citizen tourists arrive to the International Airport, the Tourist Visa on Arrival shall be granted as per the followings–
   - Upon arrival to the International Airports, the tourist shall acquire the Visa on Arrival form free of charge and fill in the form with 2 color photos (1.2 x 1.5) inches.
   - For applying Visa on Arrival, it shall be collected USD 50 for each person and can stay up to 30 days.
   - This is only for entering for visiting and hence, only Tourist Visa shall be granted.
   - The Passport must have at least 6 months of validity remaining and if it is less than 6 months, entry will not be permitted, and the passenger will be deported via the airline they arrived in.
   - Extension of the stay will not be permitted.
   - Overstay persons must pay overstay fine.

3. China citizen & India citizen tourists granted Tourist Visa on Arrival must comply with the following rules during their stay–
   - Must respect & comply with Myanmar's existing Laws and Procedures.
   - Apart from the areas within Myanmar that are restricted due to security reasons, the tourists may freely travel to places which allows access to foreigners.
   - If the passenger arriving with Tourist Visa on Arrival is not permitted entry by relevant Security forces/authorities or is included in the Immigration Department's Blacklist, entry will be denied, and they will be deported via their arriving airline.
   - Those entering the country with Tourist Visa on Arrival may enter/exit the International Airports via the International entry/exit gates.

Immigration Department

Nay Pyi Taw